ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

# ၂၀၁၄-၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်
# ပဲခူးတိုင်းဒေသကြီး၏
# နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်

၂၀၁၄–၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်

ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေခွဲဝေသုံးစွဲရေးဥပဒေ

(၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီးလွှတ်တော်ဥပဒေအမှတ် ၁၃ ။ )

၁၃၇၆ ခုနှစ်၊ နတ်တော်လပြည့်ကျော် ၄ ရက်

(၂၀၁၄ ခုနှစ်၊ ဒီဇင်ဘာလ၊ ၁၀ ရက်)

ပဲခူးတိုင်းဒေသကြီးလွှတ်တော်သည် ဤဥပဒေကို ပြဋ္ဌာန်းလိုက်သည်။

## အခန်း(၁)

## အမည်နှင့်အကျိုးသက်ရောက်သည့်ကာလ

၁။ (က) ဤဥပဒေကို ၂၀၁၄–၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ် ပဲခူးတိုင်းဒေသကြီး၏ နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးဥပဒေဟု ခေါ်တွင်စေရမည်။

(ခ) ဤဥပဒေသည် ၂၀၁၄–၂၀၁၅ ခု၊ ဘဏ္ဍာရေးနှစ်အတွက် အကျိုးသက်ရောက်စေရမည်။

## အခန်း(၂)

## နောက်ထပ်အသုံးစရိတ်များကို ခွင့်ပြုလျာထားပေးခြင်းနှင့် စီမံခန့်ခွဲခြင်း

၂။ (က) ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်၊ တိုင်းဒေသကြီးအဆင့်ဦးစီးဌာနများ၊ တိုင်းဒေသကြီးအဆင့် နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများနှင့် စည်ပင်သာယာရေးအဖွဲ့များနှင့်စပ်လျဉ်း၍ ဇယား (၁)၊ (၂) နှင့် (၃) တို့တွင် ခွင့်ပြုထားသော သုံးငွေတို့အတွက် တာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည် မိမိနှင့်ယှဉ်တွဲဖော်ပြထားသော သက်ဆိုင်ရာ သုံးငွေ များကို သုံးစွဲနိုင်သည်။

(ခ) ပုဒ်မခွဲ(က)တွင်ခွင့်ပြုထားသည့် ဘဏ္ဍာငွေခွဲဝေသုံးစွဲခြင်းသည်၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေအရ ခွင့်ပြုထားသည့် ဘဏ္ဍာငွေ ခွဲဝေသုံးစွဲခြင်းအပြင် နောက်ထပ်သုံးစွဲခြင်းဖြစ်သည်ဟုမှတ်ယူရမည်။

၃။ (က) ပုဒ်မ ၂ ပါတာဝန်ပေးအပ်ခြင်းခံရသည့် ပုဂ္ဂိုလ်အသီးသီးသည်မိမိအားတာဝန်ပေးအပ်သည့်သုံးငွေကို စီမံခန့်ခွဲရန် မိမိလက်အောက်ရှိလုပ်ငန်းဆိုင်ရာပုဂ္ဂိုလ်အသီးသီး အားလွှဲအပ်ဆောင်ရွက်စေနိုင်သည်။

(ခ) သုံးငွေကိုစီမံခန့်ခွဲရာတွင်ဤဥပဒေပါပြဋ္ဌာန်းချက်များ၊ ၂၀၁၄ ခုနှစ်၊ ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာ ဥပဒေပါ ပြဋ္ဌာန်းချက်များ၊သက်ဆိုင်ရာဥပဒေများ၊ နည်းဥပဒေများ၊ စည်းမျဉ်းများ၊ စည်းကမ်းများ၊ အမိန့်ကြော်ငြာစာများ၊ အမိန့်များ၊ ညွှန်ကြားချက်များ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ရမည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေအရ ကျွန်ုပ်လက်မှတ်ရေးထိုးသည်။

ဉာဏ်ဝင်း

ဝန်ကြီးချုပ်

ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့

တိုင်းဒေသကြီးအစိုးရအဖွဲ့၊တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတရားလွှတ်တော်၊ တိုင်းဒေသကြီးဥပဒေချုပ်၊ တိုင်းဒေသကြီးစာရင်းစစ်ချုပ်

ဇယား(၁)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေအရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | တိုင်းဒေသကြီးအစိုးရအဖွဲ့ | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | ၁၉၆၂.၂၀၉ | | | ၄၄၀.၁၀၀ | | | | | ၂၄၀၂.၃၀၉ |
| ၂ | ၂ | တိုင်းဒေသကြီးလွှတ်တော် | တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌ သို့မဟုတ် တိုင်းဒေသကြီးလွှတ်တော်ဥက္ကဋ္ဌက တာဝန်ပေးသူ | ၉.၀၀၂ | | | | | | | | ၉.၀၀၂ |
| | ၃ | တိုင်းဒေသကြီးတရားလွှတ်တော် | တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးတရားလွှတ်တော်တရားသူကြီးချုပ်က တာဝန်ပေးသူ | ၁.၃၅၀ | | | | | | | | ၁.၃၅၀ |
| ၄ | ၄ | တိုင်းဒေသကြီးဥပဒေချုပ်ရုံး | တိုင်းဒေသကြီးဥပဒေချုပ် သို့မဟုတ် တိုင်းဒေသကြီးဥပဒေချုပ်က တာဝန်ပေးသူ | ၄.၀၀၀ | | | | | | | | ၄.၀၀၀ |
| ၅ | ၅ | တိုင်းဒေသကြီးစာရင်းစစ်ချုပ်ရုံး | တိုင်းဒေသကြီးစာရင်းစစ်ချုပ် သို့မဟုတ် တိုင်းဒေသကြီးစာရင်းစစ်ချုပ်က တာဝန်ပေးသူ | | | | ၆၀.၄၀၀ | | | | | ၆၀.၄၀၀ |
| | | ပေါင်း | | ၁၉၇၇.၃၆၁ | | | ၅၀၀.၅၀၀ | | | | | ၂၄၇၇.၈၆၁ |

# တိုင်းဒေသကြီး အဆင့်ဦးစီးဌာနများနှင့် စည်ပင်သာယာရေးအဖွဲ့များ

ဇယား(၂)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင် ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက် ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၁ | | ပြည်ထဲရေး | တိုင်းဒေသကြီးဝန်ကြီးချုပ် | ၂၇၃ ·၅၈၈ | | | ၉၆ ·၄၃၇ | | | | | ၃၇၀ ·၀၂၅ |
| | | ၁ | အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန | သို့မဟုတ် | ၂၂၇ ·၁၅၇ | | | ၅၈ ·၂၅၅ | | | | | ၂၈၅ ·၄၁၂ |
| | | ၂ | အထူးစုံစမ်းစစ်ဆေးရေးဦးစီးဌာန | တိုင်းဒေသကြီးဝန်ကြီးချုပ်က | ၀ ·၈၀၁ | | | ၁ ·၇၀၀ | | | | | ၂ ·၅၀၁ |
| | | ၃ | မီးသတ်ဦးစီးဌာန | တာဝန်ပေးသူ | ၄၅ ·၆၃၀ | | | ၃၆ ·၄၈၂ | | | | | ၈၂ ·၁၁၂ |
| ၂ | ၂ | | သမဝါယမ | ၎င်း | ၉ ·၉၇၅ | | | ၁၃ ·၄၀၆ | | | | | ၂၃ ·၃၈၁ |
| | | ၂ | အသေးစားစက်မှုလက်မှုလုပ်ငန်းဦးစီးဌာန | | ၉ ·၉၇၅ | | | ၁၃ ·၄၀၆ | | | | | ၂၃ ·၃၈၁ |
| ၃ | ၃ | | လယ်ယာစိုက်ပျိုးရေးနှင့်ဆည်မြောင်း | ၎င်း | ၃၅၇ ·၂၇၇ | | | | | | | | ၃၅၇ ·၂၇၇ |
| | | ၁ | ရေအရင်းအမြစ်အသုံးချရေးဦးစီးဌာန | | ၃၄၃ ·၃၀၉ | | | | | | | | ၃၄၃ ·၃၀၉ |
| | | ၂ | စိုက်ပျိုးရေးဦးစီးဌာန | | ၁၃ ·၉၆၈ | | | | | | | | ၁၃ ·၉၆၈ |
| ၄ | ၄ | | မွေးမြူရေး၊ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေး | ၎င်း | ၁၆ ·၅၇၂ | | | ၂၅ ·၀၀၀ | | | | | ၄၁ ·၅၇၂ |
| | | ၁ | ငါးလုပ်ငန်းဦးစီးဌာန | | ၇ ·၅၆၀ | | | ၂၅ ·၀၀၀ | | | | | ၃၂ ·၅၆၀ |
| | | ၂ | မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန | | ၉ ·၀၁၂ | | | | | | | | ၉ ·၀၁၂ |
| ၅ | ၆ | | အားကစား | ၎င်း | ၄၅ ·၅၀၀ | | | ၃၃၀ ·၀၀၀ | | | | | ၃၇၅ ·၅၀၀ |
| | | ၁ | အားကစားနှင့်ကာယပညာဦးစီးဌာန | | ၄၅ ·၅၀၀ | | | ၃၃၀ ·၀၀၀ | | | | | ၃၇၅ ·၅၀၀ |
| ၆ | ၈ | | အမျိုးသားစီမံကိန်းနှင့်စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု | ၎င်း | ၄ ·၄၅၁ | | | | | | | | ၄ ·၄၅၁ |
| | | ၁ | စီမံကိန်းရေးဆွဲရေးဦးစီးဌာန | | ၄ ·၄၅၁ | | | | | | | | ၄ ·၄၅၁ |
| ၇ | ၉ | | ဆောက်လုပ်ရေး | ၎င်း | ၃ ·၀၄၇ | | | ၁၇၁၅ ·၈၄၀ | | | | | ၁၇၁၈ ·၈၈၇ |
| | | ၁ | မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန | | ၃ ·၀၄၇ | | | ၆၆ ·၀၇၀ | | | | | ၆၉ ·၁၁၇ |
| | | ၂ | အဆောက်အအုံ၊လမ်းနှင့်တံတားများ ပြင်ဆင်ထိန်းသိမ်းခြင်း | | | | | ၁၆၄၉ ·၇၇၀ | | | | | ၁၆၄၉ ·၇၇၀ |
| ၈ | ၁၁ | | စည်ပင်သာယာရေးအဖွဲ့များ | ၎င်း | ၁၁၆.၁၁၅ | | | ၁၈၃ .၁၈၁ | | | | | ၂၉၉ ·၂၉၆ |
| | | | ပေါင်း | | ၈၂၆ ·၅၂၅ | | | ၂၃၆၃ ·၈၆၄ | | | | | ၃၁၉၀ ·၃၈၉ |

တိုင်းဒေသကြီးအဆင့်နိုင်ငံတော်ပိုင်စီးပွားရေးအဖွဲ့အစည်းများ

ဇယား(၃)

(ကျပ်သန်းပေါင်း)

| အမှတ်စဉ် | ၂၀၁၄ ခုနှစ် ပဲခူးတိုင်းဒေသကြီး၏ ဘဏ္ဍာငွေ အရအသုံးဆိုင်ရာဥပဒေပါ အမှတ်စဉ် | | အကြောင်းအရာ | တာဝန်ခံသူ | နောက်ထပ်ခွင့်ပြုသည့်သုံးငွေ | | | | | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | | | | သာမန်သုံးငွေ | အတိုးပေးငွေ | ထောက်ပံ့ငွေ | ငွေလုံးငွေရင်းသုံးငွေ | ကြွေးမြီ | | အဖွဲ့အစည်းများတွင်ရင်းနှီးငွေ | စုဆောင်းငွေ | စုစုပေါင်း |
| | | | | | | | | | ထုတ်ချေးငွေ | ချေးယူရငွေအတွက်ပေးဆပ်ငွေ | | | |
| ၁ | ၂ | | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ |
| ၁ | ၂ | | လျှပ်စစ်စွမ်းအား | တိုင်းဒေသကြီးဝန်ကြီးချုပ် သို့မဟုတ် တိုင်းဒေသကြီးဝန်ကြီးချုပ်က တာဝန်ပေးသူ | | | | ၂၇၃.၉၀၁ | | | | | ၂၇၃.၉၀၁ |
| | | ၁ | လျှပ်စစ်ဓါတ်အားဖြန့်ဖြူးရေးလုပ်ငန်း | | | | | ၂၇၃.၉၀၁ | | | | | ၂၇၃.၉၀၁ |
| ၂ | ၃ | | ဆောက်လုပ်ရေး | ၎င်း | ၁၄၄၀.၀၄၉ | | | | | | | | ၁၄၄၀.၀၄၉ |
| | | ၁ | ပြည်သူ့ဆောက်လုပ်ရေးလုပ်ငန်း | | ၁၄၄၀.၀၄၉ | | | | | | | | ၁၄၄၀.၀၄၉ |
| | | | ပေါင်း | | ၁၄၄၀.၀၄၉ | | | ၂၇၃.၉၀၁ | | | | | ၁၇၂၂.၀၄၀ |